- "ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အတွက်သာစိတ်စေတနာစင်ကြယ်စွာသီးသန့်ပြုလုပ်ပြီး အရှင်မြတ်၏ကျေနပ်နှစ်သက်မှုကို ရှာဖွေလိုသောဆန္ဒဖြင့်

ပြုမူကျင့်ကြံခဲ့သော အမလ်မှအပ အခြားသော အမလ်များကိုလက်ခံတော်မူမည် မဟုတ်ပေ။

အဘူအုမာမဟ် အလ်ဗာဟိလီ (ရဿွိယလ္လာဟု အန်ဟု) ဆင့်ပြန်ခဲ့သည်။ လူတစ်ဦးသည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံသို့ ရောက်ရှိလာပြီး " ကိုယ်တော်ဤသို့သောသူနှင့်ပတ်သတ်၍ အဘယ်သို့ မိန့်ကြားတော်မူပါနည်း။ ထိုသူသည်
ဂျိဟာဒ်စစ်ပွဲတွင် အကျိုးဆုလာဘ်နှင့် ကျော်ကြားမှုကို ရှာဖွေလိုသောဆန္ဒဖြင့်ပါဝင်ခဲ့သည်။ ထိုသူ့အဖို့ မည်သည့်အကျိုးဆုလာဘ် ရှိမည်နည်း။"ဟု
လျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည် - "ထိုသူ့အဖို့မည်သည့်အရာမျှ ရှိမည်မဟုတ်ပါ။" ထိုသူသည် ဤမေးခွန်းကိုပင် သုံးကြိမ်တိုင်တိုင်ထပ်တူထပ်မျှ ပြန်လည်မေးမြန်းခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ကလည်း အကြိမ်တိုင်းတွင် "သူ့အဖို့မည်သည့်အရာမျှ ရှိမည်မဟုတ်ပါ" ဟုပင် ဖြေကြားတော်မူခဲ့သည်။ ထို့နောက်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ - "ဧကန်မုချ
အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အတွက်သာ စိတ်စေတနာစင်ကြယ်စွာသီးသန့်ပြုလုပ်ပြီး
အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရှာဖွေလိုသောဆန္ဒဖြင့် ပြုမူကျင့်ကြံခဲ့သော
အမလ်မှအပ အခြားသော အမလ်များကို လက်ခံတော်မူမည် မဟုတ်ပေ။
[صحيح] [رواه النسائي]

လူတစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံသို့ လူတစ်ဦးနှင့်ပတ်သတ်၍လျှောက်ထားမေးမြန်းရန် လာရောက်ခဲ့သည်။ ထိုသူသည် ဂျိဟာဒ်(စစ်ပွဲ) တွင်အလ္လာဟ်အရှင်မြတ်ထံမှ အကျိုးဆုလာဘ်ကိုလည်းကောင်း၊ လူအများ၏ချီးမွမ်းမှုကိုလည်းကောင်း ရယူလိုသောဆန္ဒဖြင့် ပါဝင်ခဲ့၏။ထိုသူသည် အကျိုးဆုလာဘ်ကိုရ၊ မရကို (သိရှိလိုခဲ့သည်။) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်၏ ရစူလ် တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ထိုသူ့အား ၎င်း(မုဂျာဟိဒ်)အဖို့မည်သည့်အကျိုးဆုလာဘ်မျှ ရှိမည်မဟုတ်ကြောင်း ဖြေကြားတော်မူခဲ့သည်။အဘယ့်ကြောင့်ဆိုသော် ထိုသူသည် မိမိ၏ နီယသ်ရည်စူးချက်တွင် အလ္လာဟ်အရှင်မြတ်နှင့်ရှိရ်က်ပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်။ ထိုသူသည် မိမိ၏ မေးခွန်းကို တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံတွင် သုံးကြိမ်တိုင်တိုင် ထပ်တူထပ်မျှပြန်လည်မေးမြန်းခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ကလည်း အကြိမ်တိုင်းတွင် "သူ့အဖို့မည်သည့်အရာမျှ ရှိမည်မဟုတ်ပါ" ဟူသည့် အဖြေကိုသာ ဖြေကြားတော်မူခဲ့သည်။ ထို့နောက်အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည်အလ္လာဟ်အရှင်မြတ်ထံတော်၌ အမလ်လက်ခံခြင်းခံရမည့် စည်းမျဉ်းဥပ‌ဒေတစ်ရပ်ကို

မိန့်ကြားတော်မူခဲ့သည်။ ထိုစည်းမျဉ်းမှာ- စင်စစ် အလ္လာဟ်အရှင်မြတ်သည်အရှင်မြတ်အတွက်သာ (စိတ်စေတနာစင်ကြယ်စွာသီးသန့်) ပြုလုပ်ပြီး အရှင်မြတ်၏ကျေနပ်နှစ်သက်မှုကို ရှာဖွေလိုသောဆန္ဒဖြင့် ပြုမူကျင့်ကြံခဲ့သော အမလ်မှအပအခြားသောအမလ်များကို လက်ခံတော်မမူမပေ။ ထို့ပြင် ထိုအမလ်တွင် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာအား ရှိရ်က်ပြုလုပ်ခြင်း(ယှဉ်တွဲကိုးကွယ်ခြင်း) မရှိစေရပါ။

http://www.sunnah.global/hadeeth/my/show/65107